*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*

# အပိုင်း ၄၊ အခန်း ၇ မထိခိုက်စေပါနှင့် Do No Harm

**သင်ခန်းစာရည်ရွယ်ချက်များ**

သင်ခန်းစာပြီးဆုံးချိန်တွင် သင်တန်းသားများသည် အောက်ဖော်ပြပါအချက်များကို နားလည် သဘောပေါက်နိုင်မည်-

- ထိခိုက်မှုမရှိစေခြင်းသဘောတရားနှင့် ရှင်ကျန်ရစ်သူဗဟိုပြု၍ မှတ်တမ်းတင်ခြင်း၏အခြေခံ အရေးပါမှုကို နားလည်အသိအမှတ်ပြုခြင်း။
- ကြိုတင်သိရှိသဘောတူခြင်း၏ ဆိုလိုချက်နှင့် မည်သည့်အချိန်တွင် မည်သို့ရယူနိုင်မည်ကို ရှင်းပြနိုင်ခြင်း။
- ထိခိုက်မှုဖြစ်နိုင်ခြေကို တုန့်ပြန်ခြင်း၊ လျော့ချခြင်း၊ ကာကွယ်ခြင်းဆိုင်ရာ နည်းလမ်းများကို ဖော်ဆောင်နိုင်ခြင်း။

| | |
|---|---|
| **သင်တန်းကြာမြင့်ချိန်-** | **၉၀ - ၁၂၀ မိနစ်** |
| **လေ့ကျင့်ခန်း -** | **မရှိ** |

**နိုင်ငံတကာလုပ်ထုံးလုပ်နည်း၏ ဆက်စပ်သော သင်ခန်းစာများ**

စာမျက်နှာ ၈၄ - ၁၀၃၊ အခန်း ၂- လိင်အကြမ်းဖက်မှုကို နားလည်ခြင်း၊ အခန်း ၈- ဘေးကင်းရေးနှင့် လုံခြုံရေး၊ အခန်း ၉ - လုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ အခန်း ၁၂- တွေ့ဆုံမေးမြန်းခြင်း၊ အခန်း ၁၃- သတင်းအချက်အလက် သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း၊ အခန်း ၁၆- ကလေးသူငယ်များအပေါ် လိင်အကြမ်းဖက်ခြင်း၊ အခန်း ၁၇- အမျိုးသားနှင့် ယောက်ျားလေးများအပေါ် လိင်အကြမ်းဖက်ခြင်း၊ နောက်ဆက်တွဲ ၂- ခြိမ်းခြောက်မှုနှင့် စွန့်စားမှုအန္တရာယ်အကဲဖြတ်ခြင်းကို ဆောင်ရွက်ခြင်း၊ နောက်ဆက်တွဲ ၅- အဖွဲ့အစည်းအတွင်း ဘေးကင်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စစ်ဆေးရန်စာရင်း။

ဤအခန်းသည် နိုင်ငံတကာလုပ်ထုံးလုပ်နည်း အပိုင်း (၄) (လက်တွေ့မှတ်တမ်းတင်ခြင်း- ပြင်ဆင်ခြင်း) ၏ ပထမဆုံး အပိုင်းဖြစ်သည်။ အပိုင်း (၄) သည် "**ထိခိုက်မှုမရှိစေခြင်း/မထိခိုက်စေပါနှင့် Do No Harm**" ၏ ဥပဒေသများ၊ လုံခြုံရေးနှင့် ဘေးကင်းရေးကိစ္စရပ်များ၊ လုပ်ငန်းစီမံချက်ထည့်သွင်းစဉ်းစားချက်များနှင့် လိင်အကြမ်းဖက်မှုဆိုင်ရာ သက်သေအမျိုးအစားများ ခြုံငုံသုံးသပ်ချက် စသည်တို့ကို လွှမ်းခြုံထားသည်။ ဤအခန်းသည် အခန်း ၈- ဘေးကင်းရေးနှင့် လုံခြုံရေး၊ အခန်း ၉- လုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ နှင့် အခန်း ၁၀- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်သက်ဆိုင်သော သက်သေခံအထောက်အထားအမျိုးအစားများ တို့နှင့် နီးကပ်စွာ ချိတ်ဆက် နေသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ သင်ခန်းစာလေးခုသည် မည်သည့် စုံစမ်းစစ်ဆေးချက် သို့မဟုတ် မှတ်တမ်းတင်ခြင်း၏ လုပ်ငန်းစီမံချက်ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်းအဆင့်များအတွက် အရေးပါသော အကြောင်းအရာများကို လွှမ်းခြုံထားသောကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါသင်ခန်းစာများကို သင်ပြမည့် သင်တန်းဆရာသည် လုပ်ငန်းစီမံချက်ရေးဆွဲခြင်းနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်များကို စီမံခန့်ခွဲသည့် အတွေ့အကြုံရှိသင့်သည်။ မည်သည့်ကွင်းဆင်း ဆောင်ရွက်မှုမျိုးကိုမဆို မပြုလုပ်မီ အခန်း ၇ မှ ၁၀ အတွင်း ပါဝင်သော အကြောင်းခြင်းရာများကို သေချာစွာ စဉ်းစားချင့်ချိန်မှုရှိထားသင့်ကြောင်း သင်တန်းသားများကို ထပ်လောင်းအသိပေးထားသင့်သည်။ လုပ်ငန်းစီမံချက်ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်းအဆင့်များအတွက် ဂရုတစိုက် အချိန်ယူခြင်းအားဖြင့် ရလာဒ်များပိုမိုကောင်းမွန်လာမည့်နယ်ပယ်များမှာ- စနစ်တကျ မှတ်တမ်း တင်ခြင်း လုပ်ငန်းစဉ်၊ ပိုမိုခိုင်မာပြီး ဆက်စပ်မှုရှိသော သက်သေအထောက်အထား (သို့မဟုတ်) သတင်းအချက် အလက်များ၊ မှတ်တမ်းတင်မည့် အဖွဲ့သားများ၏ မတူညီသောအခန်းကဏ္ဍများ နှင့် တာဝန်များကို ပိုမိုရှင်းလင်း နားလည်ခြင်း၊ စွန့်စားရနိုင်ခြေများ (သို့မဟုတ်) ဘေးအန္တရာယ်ကင်းရှင်းရေး ထည့်သွင်းစဉ်းစားချက်များအပေါ် ပိုမိုအသေးစိတ်ကျသော အသိအမှတ်ပြုခြင်း၊ အထူးသဖြင့် လိင်အကြမ်းဖက်မှုများ သို့မဟုတ် ဥပဒေချိုးဖောက် မှုများအတွက် တာဝန်ခံမှု ရှာဖွေရာတွင် ပိုမိုကောင်းမွန်သော အခွင့်အရေးရရှိခြင်း တို့ဖြစ်သည်။ အကယ်၍ သင်တန်းသား တစ်ဦးဦးသည် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်လျက်ရှိနေသော်လည်း ဤကိစ္စရပ်များကို ယခင်ကကြုံတွေ့ဖူးခြင်း သို့မဟုတ်

ထည့်သွင်းစဉ်းစားဖူးခြင်းမရှိခဲ့ပါလျှင် ယင်းသင်တန်း သားတို့၏ လက်ရှိ လုပ်ငန်းခွင်တွင် ကောင်းမွန်စွာထည့်သွင်းအသုံးပြုနိုင်ခြင်းရှိ၊ မရှိဆိုသည်ကို အကဲဖြတ် ဆွေးနွေးကြစေရန် တိုက်တွန်းသင့်သည်။

ဤသင်ခန်းစာသည် "**ထိခိုက်မှုမရှိစေခြင်း/မထိခိုက်စေပါနှင့် Do No Harm**" ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ ဥပဒေသများကို လွှမ်းခြုံ ထားသည်။ သင်တန်းဆရာသည် သင်တန်းသားတစ်ဦးဦးက ဤဥပဒေသများကို ကြားဖူးခြင်းရှိ၊ မရှိနှင့် ၎င်းတို့အတွက် မည်သည့်အဓိပ္ပါယ်ဆောင်သည်ကို မေးခွန်းထုတ်ခြင်းဖြင့် သင်တန်းကိုစတင်သင့်သည်။ "**ထိခိုက်မှုမရှိစေခြင်း/မထိခိုက်စေပါနှင့်**" ၏ အခြေခံအနုမာန-စုံစမ်းစစ်ဆေးသူ (သို့မဟုတ်) မှတ်တမ်းတင်သူနှင့် တွေ့ဆုံဖြေကြားမှုကြောင့် မလိုလား အပ်သော အန္တရာယ်စွန့်စားရမှု (သို့မဟုတ်) ထို့ထက်ပိုဆိုးသော အခြေအနေမျိုးသို့ မည်သူတစ်ဦး တစ်ယောက်ကိုမှ မရောက်ရှိစေခြင်း- သည် မတူညီသော သက်မွေးပညာရပ်အမျိုးမျိုးအတွက် ကျင့်ဝတ်ပိုင်း ဆိုင်ရာလိုအပ်ချက် တစ်စိတ်တစ်ပိုင်းဖြစ်သော်လည်း၊ လက်တွေ့တွင်အသုံးပြုသည့် ပုံစံကွဲပြား နိုင်ပါသည် (ဥပမာ- ဆရာဝန်များ နှင့် လူသားချင်းစာနာမှုလုပ်ငန်းခွင် ဝန်ထမ်းများ)။ အကယ်၍ သင်တန်းသား များသည် ယခင်က ဤကဲ့သို့သော အတွေ့အကြုံရှိပါက ၎င်းတို့၏ အတွေ့အကြုံများနှင့် အခက်အခဲများကို ဆွေးနွေးရန် တိုက်တွန်းသင့်သည်။

အကယ်၍ သင်တန်းသားများသည် ယင်းအတွေ့အကြုံမရှိပါက၊ ၎င်းတို့သည် "**ထိခိုက်မှုမရှိစေခြင်း/မထိခိုက်စေပါနှင့်**" အနှစ်သာရအရ မှတ်တမ်းအရယူခြင်းထက် ရှင်ကျန်ရစ်သူ ဗဟိုပြုချဉ်းကပ်ခြင်းနှင့် ရှင်ကျန်ရစ်သူ ရပိုင်ခွင့်အား ပံ့ပိုးခြင်းသဘောတရားကို လိုက်နာရန်ကျင့်သုံးရမည်ဖြစ်ကြောင်း သင်တန်းဆရာက ထပ်လောင်းအသိပေးသင့် သည်။ ဆိုလိုသည်မှာ မှတ်တမ်းတင်သူသည် မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ် ရည်ရွယ်ချက်များထက် ကျူးလွန်ခံရသူ/ သက်သေ၏ ဆန္ဒ၊ လိုအပ်ချက်များကို ပိုမိုဦးစားပေးရပေမည်။ "**ထိခိုက်မှုမရှိစေခြင်း/မထိခိုက်စေပါနှင့်**" ဥပဒေသတွင် အခြေခံအနည်းဆုံးလိုအပ်ချက်သာရှိပြီး၊ သင်တန်းသားများအနေဖြင့် ပိုမိုဖြန့်ထွက်ကြံဆ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အတူဆွေးနွေးခြင်း ဆုံးဖြတ်ချက်ချနိုင်စေရန်ကူညီခြင်းအားဖြင့်

မှတ်တမ်းတင်မှု လုပ်ငန်းစဉ်တစ်လျှောက် ခွန်အားပေးရန် သင်တန်းဆရာက သင်တန်းသားများကို သတိပေးသင့်သည်။ “**ထိခိုက်မှုမရှိစေခြင်း/မထိခိုက်စေပါနှင့်**” ၏အခြေခံဥပဒေသအရ ကျူးလွန်ခံရသူ/ သက်သေ (သို့မဟုတ်) ၎င်းတို့၏မိသားစု အသိုက်အဝန်းနှင့် ထိတွေ့ဆက်ဆံခြင်းအားဖြင့် ရှိလာနိုင်သောအန္တရာယ်စွန့်စားရမှုများနှင့် ထိခိုက်နိုင်ခြေ များသည် ကာယကံရှင်နှင့် မိသားစုတွင်သာမကပဲ မှတ်တမ်းတင်သော အဖွဲ့သားများကိုပါ သက်ရောက် လာနိုင်သည်ကို သင်တန်းသားများက ထည့်သွင်းစဉ်းစားထားရပေမည်။ သင်တန်းသားများသည် ထိခိုက်မှု ရှိနိုင်ခြေများကို ရှောင်ရှားရန် (သို့မဟုတ်) အနည်းဆုံးလျော့ချရန် ကြိုးစားအားထုတ်ရမည်။ အကယ်၍ တွေ့ရှိထားသော ထိခိုက်နိုင်ခြေ စွန့်စားရခြင်းများသည် လက်ခံနိုင်ဖွယ်မရှိလျှင် လုပ်ငန်းစဉ်ကိုရပ်နားရမည်။ ကျူးလွန်ခံရသူများသည် ကျူးကျော်ရမ်းကားသူကြောင့် ဦးစွာထိခိုက်နစ်နာခံထားရသည့်အပြင် ၎င်းတို့၏ မိသားစု အသိုက်အဝန်းများနှင့် ကောင်းစွာလေ့ကျင့်ထားခြင်းမရှိသော ဝန်ဆောင်မှုပေးသူများ၊ ရဲများနှင့် ကောင်းစွာလည်ပတ်ခြင်းမရှိသော တရားရေးယန္တရား (ပါဝါပွိုင့် ၄ တွင် ဖော်ညွှန်း) တို့ကြောင့် ထပ်မံ၍ ထိခိုက်နစ်နာမှုရှိနိုင်ကြောင်းကို သင်တန်းဆရာက သင်တန်းသားများအား သတိပေးထားသင့်သည်။

သင်တန်းသားတို့၏လုပ်ရပ်ကြောင့် ၎င်းတို့ထိတွေ့ဆက်ဆံရသူများ (ကျူးလွန်ခံရသူများ/ သက်သေများအပါအဝင်) အပေါ်သက်ရောက်မှုအတွက် တာဝန်ရှိမှုအပြင်၊ ထိုသူအားလုံးတို့ကို ဂရုတစိုက် လေးစားစွာ ဆက်ဆံရန် သင်တန်းသားများ နားလည်ထားရပါမည်။ အခန်း ၂ (လိင်အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း)ရှိ အချို့သော ပါဝါပွိုင့်များကို ပြန်လေ့လာခြင်းက အသုံးဝင်နိုင်ပါသည်။ ဥပမာ လိင်အကြမ်းဖက်ခြင်း၏ သက်ရောက်မှုများသည် ထိခိုက်မှုရှိစေခြင်း၏ ဖြစ်နိုင်ခြေရင်းမြစ်အနေဖြင့်၎င်း၊ ကျူးလွန် ခံရသူ/ ရှင်ကျန်ရစ်သူများကို တရားသေအမြင်ကောက်ချက်ချခြင်းမှ ရှောင်ရှားခြင်း၏ အရေးပါပုံကို အသားပေး ခြင်းဖြင့်၎င်း စသည်ဖြင့် ပြန်လှန်စမ်းစစ်နိုင်ပါသည်။ ပါဝါပွိုင့် အမှတ်စဉ် ၆ သည် ဤသင်ခန်းစာ၏ ဒုတိယနှင့် တတိယ အပိုင်းများကို မိတ်ဆက်ပေးထားပါသည်။ မှတ်တမ်းတင်ရာတွင် ပါဝင်ခြင်းအားဖြင့် အတူတွဲ ပါလာသော အလားအလာရှိသည့် အန္တရာယ်စွန့်စားမှုဖြစ်နိုင်ချေကို ကျူးလွန်ခံရသူများ/ သက်သေများအား အပြည့်အဝအသိပေးထားရန်

"**ထိခိုက်မှုမရှိစေခြင်း/မထိခိုက်စေပါနှင့်**" ဥပဒေသများက ကျွန်ုပ်တို့ကို သတ်မှတ်ပြဌာန်းထားသည်။ သို့မှသာ ကာယကံရှင်များအနေဖြင့် ကြိုတင်ပြင်ဆင်ဆုံးဖြတ်ထားသင့်သည်ကို လုပ်ဆောင်ခြင်းအပြင် အန္တရာယ်စွန့်စားရမှုဖြစ်နိုင်ခြေကို လျှော့ချနိုင်ရန်နည်းလမ်းများ သတ်မှတ်ပြင်ဆင်ခြင်းများကို လုပ်ဆောင်နိုင်ပေမည်။

ဤသင်ခန်းစာ၏ ဒုတိယပိုင်းသည် (ပါဝါပွိုင့် ၇ - ၁၀) ကျူးလွန်ခံရသူများ/ သက်သေများထံမှ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းအတွက် ၎င်းတို့၏ ကြိုတင်အသိပေးပြီးဖြစ်သော သိနားလည်မှု - လွတ်လပ်သော ကိုယ်ပိုင်ဆုံးဖြတ်ချက်- ရယူရန် ဥပဒေကြောင်းအရသာမက ကျင့်ဝတ်ပိုင်းအရပါ သတ်မှတ်ပြဌာန်းချက်နှင့် ဆက်စပ်ပါသည်။ ကြိုတင်အသိပေးပြီးဖြစ်သော သိရှိသဘောတူခြင်းဆိုသည်မှာ ကျူးလွန်ခံရသူ/ သက်သေနှင့် ပထမအကြိမ်တွေ့ဆုံချိန်တွင် တာဝန်အရလုပ်ဆောင်ရသော လေ့ကျင့်ခန်း မဟုတ်ဘဲ၊ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ် တလျှောက်လုံးတွင် ကျူးလွန်ခံရသူများ/ သက်သေများအနေဖြင့် သိနားလည်မှု ရှိနေရပေမည်။ ကျူးလွန်ခံရသူများ/ သက်သေများ နှင့်/သို့မဟုတ် ကလေးသူငယ်များ ပါဝင်ပတ်သက်နေပါက ၎င်းတို့၏ဥပဒေအရအုပ်နှင်းထားသော အုပ်ထိန်းသူက ကြိုတင်သိရှိသဘောတူနိုင်ရန်အရည်အသွေး ပြည့်မီ ရမည့်အပြင်၊ ဖြစ်လာနိုင်ခြေရှိသော အန္တရာယ်စွန့်စားရမှုများကို မိမိတို့၏ လွတ်လပ်သောဆန္ဒအရ ကောင်းစွာ နားလည်သိရှိပြီး ဖြစ်ကြောင်း သေချာစေရမည်။

ဤသင်ခန်းစာ၏ တတိယနှင့် နောက်ဆုံးအပိုင်း (ပါဝါပွိုင့် ၁၁ - ၂၅ ) တွင် ကျင့်သုံးလုပ်ဆောင်သူ တစ်ယောက်အနေဖြင့် ထိခိုက်မှုဖြစ်နိုင်ခြေကို ကာကွယ်ရန်၊ လျှော့ချရန် သို့မဟုတ် တုန့်ပြန်ရန် လုပ်ဆောင်ရမည့် အချက် (၄) ချက်ကို လွှမ်းခြုံထားသည်။ ၎င်းတို့မှာ (၁) ခြိမ်းခြောက်မှုနှင့် အန္တရာယ်စွန့်စားရနိုင်ခြေ ရှိမှုကို အကဲဖြတ်ခြင်း၊ (၂) ညှိနှိုင်းဆောင်ရွက်ခြင်း၊ (၃) လျှို့ဝှက်ချက်စောင့်ထိန်းနိုင်ခြင်း၊ နှင့် (၄) ရည်ညွှန်း လွှဲပြောင်းခြင်းများ တို့ဖြစ်ကြသည်။

ပါဝါပွိုင့် ၁၂ - ၁၄ သည် ခြိမ်းခြောက်ခြင်းနှင့် အန္တရာယ်စွန့်စားရနိုင်ခြေအကဲဖြတ်ခြင်း အယူအဆ နှင့် ၎င်းတို့ကို မည်သည့် နည်းစနစ်ဖြင့် ကိုင်တွယ်ဆောင်ရွက်မည်ကို ပြဆိုသည်။ ဖြစ်နိုင်ခြေရှိသော ခြိမ်းခြောက်မှုများနှင့်

သိရှိပြီးသားဖြစ်သော စွန့်စားရနိုင်ခြေများကိုလျှော့ချရန် နည်းလမ်းများနှင့်ပတ်သက်သည့် အသေးစိတ် အကြောင်းအရာများကို အခန်း ၈ (လုံခြုံရေးနှင့် ဘေးကင်းရေး) တွင် လွှမ်းခြုံထားသည်။ သင်တန်းဆရာသည် ခြိမ်းခြောက်မှုနှင့် အန္တရာယ်စွန့်စားရနိုင်ခြေရှိမှုတို့၏ ခြားနားချက်ကို ရှင်းပြထားရမည်- *ခြိမ်းခြောက်မှုအကဲဖြတ်ခြင်း*ဟု ဆိုရာတွင် ကျူးလွန်ခံရသူများ၊ သက်သေများ သို့မဟုတ် အဖွဲ့ဝင်များ၊ သို့မဟုတ် သတင်းအချက်အလက်၊ အဆောက်အဦ သို့မဟုတ် ပစ္စည်းကိရိယာများ၏ ဘေးကင်းစေရေးကို ထိခိုက်စေနိုင်သော မည်သည့် သို့မဟုတ် *အားလုံးသော အလားအလာရှိသည့် ခြိမ်းခြောက်မှုများ သို့မဟုတ် ထိလွယ်ရှလွယ်အခြေအနေများ*( ယခင်/လက်ရှိ ကျူးလွန်/ရမ်းကားသူများကြောင့်၎င်း၊ ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင် သို့မဟုတ် အခြားမည်သည့်ရင်းမြစ်ကြောင့်ဖြစ်စေ)ကို သတ်မှတ်ဖော်ထုတ်ခြင်း ပါဝင်သည်။ အန္တရာယ် စွန့်စားမှုအကဲဖြတ်ခြင်းသည် *ရောက်လာအံ့သော ခြိမ်းခြောက်မှု၏ အလားအလာရှိမှု သို့မဟုတ် သီးခြားစွန့်စားရနိုင်ခြေကို* သုံးသပ်သည့်အပြင်၊ ထိခိုက်စေနိုင်ခြင်း၏အလားအလာ သို့မဟုတ် သက်ရောက်မှုကို လျော့ကျစေနိုင်သော လျှော့ချခြင်းနည်းလမ်းများကို သတ်မှတ်ဖော်ထုတ်ရန် ကြိုးစားသည်။ သင်တန်း ဆရာသည် ၎င်းတို့၏အသက်မွေးဝမ်းကြောင်းဆိုင်ရာ အတွေ့အကြုံများကပေးသော ဥပမာများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ စွန့်စားရနိုင်ခြေရှိမှုသိသာသေချာနေပြီး ၎င်းကို လျှော့ချနိုင်ရန်မဖြစ်နိုင်သော အခြေအနေ များတွင် သက်သေ/ သတင်းနောက်သို့ဆက်လိုက်ရန် မသင့်ပေ။ မည်သူတစ်ဦးတစ်ယောက်ကိုမဆိုကျရောက်နိုင်သော အလားအလာရှိသည် စွန့်စားရနိုင်ခြေကို အကဲဖြတ်ရန် သို့မဟုတ် လျှော့ချနိုင်ရန်အတွက် ခြိမ်းခြောက်မှုအကဲဖြတ်ခြင်း သို့မဟုတ် စွန့်စားရနိုင်ခြေအကဲဖြတ်ခြင်း (ထုံးစံအရ/ အလွတ်သဘော) ကို လုပ်ရန်လိုအပ်သည်။ ဆောင်ရွက်ရမည့် အဆင့်များကို ပါဝါပွိုင့် ၁၄ တွင် ပြသထားပြီး၊ အခြားအသေးစိတ်အချက်များနှင့် ဥပမာများကို နိုင်ငံတကာလုပ်ထုံးလုပ်နည်း၏ နောက်ဆက်တွဲ ၂ (ခြိမ်းခြောက်မှုနှင့် အန္တရာယ်အကဲဖြတ်ခြင်းကို ဆောင်ရွက်ခြင်း) တွင်ပါရှိသည်။ သင်တန်းသားများအနေဖြင့် အခြားသူများ၏ ဘေးကင်းရေးဟုဆိုရာတွင် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့အဖွဲ့ကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ သာမန်လုပ်ရိုးလုပ်စဉ်ကဲ့သို့လုပ်ခြင်း သို့မဟုတ် ဘာမှမလုပ်တာပိုကောင်းမည်ဟု စေတနာ အတွေးဖြင့် ဘာမှမလုပ်ခြင်းထက်၊ စဉ်းစားပြီး

ဂရုတစိုက်အစီအစဉ်ဆွဲခြင်းက အရေးအကြီးဆုံးအချက် ဖြစ်သည်။ ယခုကဲ့သို့အလုပ်မျိုးတွင် နောက်ဆက်တွဲရလာဒ် အကောင်းနှင့်အဆိုး နှစ်မျိုးလုံးရှိနိုင်ပေရာ ထိုနှစ်မျိုးလုံးအတွက် မှတ်တမ်းတင်သူများတွင်တာဝန်ရှိသည်ကို နားလည်ထားရပေမည်။

အလားအလာရှိသောထိခိုက်စေနိုင်ခြင်းကို လျှော့ချနိုင်မည့် အခြားနည်းလမ်းမှာ ရည်ညွှန်းလွှဲပြောင်း ဝန်ဆောင်မှုပေးခြင်းအားဖြင့် လျော်ကန်သော ညှိနှိုင်းဆောင်ရွက်ခြင်း (ပါဝါပွိုင့် ၁၅ - ၁၇) ဖြစ်သည်။ မှတ်တမ်း တင်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သော အခြားသူများကို သင်တန်းသားများက မည်မျှ သိသည်ကို လည်းကောင်း၊ ၎င်းတို့၏လုပ်ပိုင်ခွင့်နှင့်လုပ်ဆောင်ချက်များအပြင် အမျိုးမျိုးသော မေးမြန်းစုံစမ်းမှုများက ကျူးလွန်ခံရသူများ/ သက်သေများနှင့် ၎င်းတို့အသိုက်အဝန်းအပေါ် သက်ရောက်မှုကို သေချာစွာထည့်သွင်း စဉ်းစားရန် သင်တန်း သားများကို အားပေးသင့်သည်။ ပဋိပက္ခ သို့မဟုတ် အကျပ်အတည်းတစ်ခုနှင့် ပတ်သက် ဆက်စပ်နေကြသော အေဂျင်စီများနှင့် အဖွဲ့အစည်းများကြားမှ ညံ့ဖျင်းသောညှိနှိုင်းဆောင်ရွက်ခြင်းသည် တစ်ဦးတစ်ယောက်ချင်း အား ၎င်းတို့၏ စိတ်ဒဏ်ရာရဖြစ်စဉ်များကို မတူညီသောလူအများအား၊ မတူညီသော အကြောင်းတို့အတွက် ထပ်ခါထပ်ခါပြောစေခြင်းကြောင့် ကာယကံရှင်များကို ထိခိုက်စေနိုင်ကြောင်းကို သင်တန်းဆရာမှ သင်တန်းသားများအား အထူးပြုပြောထားသင့်သည်။ အဆိုပါအခြေအနေသည် သက်ဆိုင်ရာ လူ့အသိုက်အဝန်းအနေဖြင့် ၎င်းတို့မျှော်လင့်ထားသလိုမဖြစ်လာသောအခါ- မည်မျှကောင်းမွန်သော အစပျိုးမှုများရှိခဲ့ပါစေ- မှတ်တမ်းတင်ခြင်းကို စိတ်ပျက်ခြင်း၊ မယုံကြည်တော့ခြင်းအဖြစ်သို့ ဦးတည်စေပါသည်။ ထို့အပြင် အခြားအဖွဲ့အစည်းများ၏ ထိရောက်စွာအလုပ်လုပ်နိုင်စွမ်းကို အနှောက်အယှက်ဖြစ်စေနိုင်ပြီး၊ အချက်အလက်များ ရှေ့နောက်မညီသောအခြေအနေဖြစ်စေကာ- ထွက်ဆိုချက်များ သို့မဟုတ် သတင်း တို့သည် ထို့အတွက်ကြောင့် ပယ်ဖျက်ခြင်းမခံရလျှင်- ကျူးလွန်ခံရသူများ/ သက်သေများ၏ ခိုင်မာမှုချေဖျက်ရန် တလွဲအသုံးချခံရနိုင်ခြေသည် တရားခွင်တွင်သာမက အခြားတာဝန်ခံမှုယန္တရား၏ နောက်ပိုင်းအဆင့်များတွင်ပါ ရှိနေသည်။

သင်တန်းသားများသည်- မိမိရှာဖွေနေသော သတင်းအပိုင်းအစကို ကျူးလွန်ခံရသူများ/ သက်သေများအား တွေ့ဆုံမေးမြန်းခြင်းမပြုဘဲ ရနိုင်မလား။ ဤကျူးလွန်ခံရသူ/ သက်သေကို တွေ့ဆုံမေးမြန်းရန် အမှန်တကယ် လိုအပ်ရဲ့လား။ ဤတွေ့ဆုံမေးမြန်းမှုသည် ကျူးလွန်ခံရသူ/ သက်သေအတွက် အကောင်းဆုံး အကျိုးကျေးဇူး/ အကျိုးစီးပွား ဖြစ်ရဲ့လား။ ဤတွေ့ဆုံမေးမြန်းမှုသည် သူ/ သူမ လိုချင်တာဟုတ်ပါရဲ့လား- စသည့်တို့ကို မိမိတို့ကိုယ်မိမိ မေးခွန်းထုတ်သင့်သည်။ ယခုအပိုင်းထိ ဆိုလိုရင်းမှာ ရှင်ကျန်ရစ်သူဗဟိုပြု ချဉ်းကပ်နည်းအရ လုပ်ဆောင်မှု တိုင်းသည် CARSV ကျူးလွန်ခံရသူက ၎င်း၏ဖြစ်စဉ်ကို ထပ်ကာထပ်ကာပြောပြရခြင်းမှ ရှောင်ရှားနိုင်ရန် ဖြစ်သည်။ ပြန်လည်မှတ်တမ်းတင်ခြင်း re-documentation သည် အထူးခြွင်းချက်အခြေအနေများအတွက်သာဖြစ်သင့်ပြီး၊ ကနဦး မျှော်မှန်းသော မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်နှင့် ပါဝင်ပတ်သက်သူများကဲ့သို့ အခြားထည့်သွင်းစဉ်းစား အပ်သောအချက်များ- အခွင့်အာဏာအပ်နှင်းထားသော လုပ်ပိုင်ခွင့်ဘောင်အတွင်းက မှတ်တမ်းတင်ခြင်းကိုသာ ဦးစားပေးရမည်- နှင့် အဆိုပါကနဦး မျှော်မှန်းသောမှတ်တမ်းတင်ခြင်းသည် တူညီသော သို့မဟုတ် ကွဲပြားသော CARSV ဖြစ်ရပ်များနှင့် ဆက်စပ်မှုရှိသလားဆိုသည်ကို သေချာစွာသုံးသပ်ပြီးမှသာလျှင် ပြုလုပ်သင့်သည်။ ကျူးလွန် ခံရသူများ/ သက်သေများ၏ ဆန္ဒ၊ ဘေးကင်းရေးနှင့် သက်တောင့်သက်သာရှိမှုတို့ကို သတင်းအချက် အလက်ရရှိရေးထက် အမြဲဦးစားပေးရမည်။

လျှို့ဝှက်ချက်ထိန်းသိမ်းရေးနည်းနာများ (ပါဝါပွိုင့် ၁၈ - ၂၁) မှာ ကာယကံရှင်တစ်ဦးချင်းနှင့် သတင်းအတွက် ထိခိုက်နိုင်ခြေရှိမှုမှ ကာကွယ်ရန် သို့မဟုတ် ထိခိုက်နိုင်ခြေကို လျှော့ချရန် သင်တန်းသားများကလုပ်ဆောင် နိုင်သည့် နောက်ထပ် ကာကွယ်နည်းတမျိုးဖြစ်သည်။ သင်တန်းဆရာက အလေးပေးပြောကြားရမည့် အဓိကအချက်များမှာ -

- လျှို့ဝှက်ချက်ထိန်းသိမ်းရေးဆိုသည်မှာ ကျင့်ဝတ်အရသာလိုက်နာရမည် မဟုတ်ဘဲ၊ လုပ်ငန်းလိုအပ် ချက်အနေဖြင့်ပါ လိုက်နာရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျူးလွန်ခံရသူများ/ သက်သေ များ၏ ယုံကြည်မှုရှိရန်နှင့် ၎င်းတို့၏ သတင်းအချက်အလက်ကို ဖွင့်ပြောပြရန်လက်ခံသည့် ကြိုတင်

သဘောတူညီမှုတည်ဆောက်ခြင်းအတွက် လုပ်ဆောင်ရန် လိုအပ်သော ဘေးကင်းရေးနှင့် ကိုယ်ရေးကိုယ်တာကာကွယ်ခြင်းလုပ်ထုံးလုပ်နည်းများက အရေးပါသောကြောင့် ဖြစ်သည်။

- လျှို့ဝှက်ချက်ထိန်းသိမ်းရေးဆိုသည်မှာ အခြားသူများအတွက် ကွဲပြားသောအဓိပ္ပါယ်ရှိနိုင်သော်လည်း၊ မှတ်တမ်းတင်သူအတွက်မူ ကျူးလွန်ခံရသူများ/ သက်သေများကို ရှင်းပြထားရန် (မည်သည့် သတင်းအချက်အလက်ကို လျှို့ဝှက်ထားမည်၊ မည်သူကသာ၊ မည်သို့သိခွင့်ရှိမည် စသည်ဖြင့်) နှင့် မည်သည့်နားလည်မှုလွဲခြင်းမျိုးမဆို ရှောင်ရှားရန် တာဝန်ရှိသည်။
- အခင်းအကျင်း၊ နေရာအဆောက်အဦနှင့် လုပ်ထုံးလုပ်နည်းများသည်လည်း လျှို့ဝှက်ချက်ထိန်းသိမ်းမှုခိုင်မာစေရန် ပုံစံချထားသင့်သည်- အခန်း ၈ (ဘေးကင်းရေးနှင့် လုံခြုံရေး) တွင် အကျယ်ဖော်ပြပါမည်။
- သို့ရာတွင် လျှို့ဝှက်ချက်ထိန်းသိမ်းရေးဆိုသည်မှာ တစ်ဦးချင်း၏ အကောင်းဆုံးလုပ်နိုင်စွမ်းအထိသာ အာမခံနိုင်သည်- သင်တန်းသားများသည် သတင်းအချက်အလက် ပေါက်ကြားခြင်းနှင့် ခိုးယူခံရခြင်းမှ အကြွင်းမဲ့လွတ်ကင်းနိုင်မည် မဟုတ်သောကြောင့် လုံးဝဥဿုံအမည်ဝှက်ခြင်း သို့မဟုတ် လျှို့ဝှက်ချက် ထိန်းသိမ်းရေးကို မည်သည့်အခါမျှ ကတိမပေးသင့်ပါ။
- ရာဇဝတ်မှုဆိုင်ရာတရားရေးအာဏာပိုင်များက သတင်းအချက်အလက် သို့မဟုတ် တရားခွင်တွင် ထွက်ဆိုချက်ပေးရန် သင်တန်းသားများအား တရားဝင်တောင်းဆိုခြင်းများ ရှိလာနိုင်သည်။ ထိုအခြေအနေမျိုးတွင် လိုက်နာရန်ငြင်းဆန်ပါက တရားရုံးအမိန့်ဖြင့် ဒဏ်ငွေ၊ လုပ်ငန်းရပ်ဆိုင်းခြင်း သို့မဟုတ် ထောင်ဒဏ်အထိ ချမှတ်ခြင်းခံရနိုင်ပါသည်။
- ရလာဒ်အနေဖြင့် တရားရုံးဆင့်ခေါ်စာ သို့မဟုတ် တရားခွင်ရှေ့ ထွက်ချက်ပေးရန်ရုံးမိန့် ရောက်လာနိုင်ခြေ စွန့်စားရမှုအန္တရာယ်အလားအလာများသည့် အခြေအနေမျိုးတွင် လျှို့ဝှက်စောင့်ထိန်းထားသည့် သတင်းများ ဖွင့်ထုတ်သက်သေခံရသည့်အခါ ကျူးလွန်ခံရသူများ/ သက်သေများ၏ ဘေးကင်းရေးနှင့် လုံခြုံရေးအတွက် စိတ်ပူစရာဖြစ်လာသည့်အတွက် သင်တန်းသားများသည်

သက်သေခံခြင်း၊ သတင်းအချက်အလက် ဖော်ထုတ်ခြင်း သို့မဟုတ် ကျူးလွန်ခံရသူရှိရာအရပ်ကို ဖော်ပြခြင်းမှ ရှောင်ကျဉ်ရမည်။

နောက်ဆုံး ပါဝါပွိုင့် ၄ ခု (၂၂ -၂၅) မှာ ကျူးလွန်ခံရသူများ/ သက်သေများထံ ဖြစ်လာနိုင်သည့် ထိခိုက်စေနိုင်ခြင်းကို လျှော့ချနိုင်မည့် နောက်ဆုံးသော့ချက်ဖြစ်သည့် ရည်ညွှန်းလွှဲပြောင်းဝန်ဆောင်မှုများ အကြောင်း ဖြစ်သည်။ ပဏာမသုတေသနနှင့် အစီအစဉ်ရေးဆွဲခြင်းကာလအတွင်း- အခန်း ၉ (လုပ်ငန်း စီမံချက် ရေးဆွဲခြင်း) တွင် အသေးစိတ်လွှမ်းခြုံထားသည်- မည်သည့် ရည်ညွှန်းလွှဲပြောင်းဝန်ဆောင်မှုများ (ဆေးဘက်ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဥပဒေရေးရာနှင့် လူမှုရေး/ကာကွယ်စောင့်ရှောက်မှု-စသည်)သည် အမျိုးသား၊ အမျိုးသမီး နှင့်ကလေးသူငယ် ကျူးလွန်ခံရသူများ (CARSV) အတွက် ရရှိနိုင်မည်ကို လုပ်ကိုင်ဆောင်ရွက်သူများက ရှာဖွေလေ့လာထားရမည်။ ပဏာမသုတေသနအရ ရည်ညွှန်းလွှဲပြောင်းဝန်ဆောင်မှုများ မရနိုင် သို့မဟုတ် ထိုဝန်ဆောင်မှုများသည် ရှင်ကျန်ရစ်သူ အားလုံးအတွက် မဟုတ် (ဥပမာ- အမျိုးသား ရှင်ကျန်ရစ်သူများက လွှဲပြောင်းဝန်ဆောင်မှုများကို အသုံးမပြုနိုင်ခြင်း) ဟုပြဆိုနိုင်ပါသည်။ အကယ်၍ သင်တန်းသားများ၏ အလုပ်ခွင်နှင့်ဆက်စပ်မှုရှိနိုင်လျှင်၊ သင်တန်းဆရာသည် သင်တန်းသားများအကြားတွင် အဆိုပါအခြေအနေကို ဆွေးနွေးစေသင့်သည်။ ပါဝါပွိုင့်ပေါ်မှအဖြေကိုမပြမီ အဆိုပါအခြေအနေတွင် မည်သို့ဆောင်ရွက်သင့်သည်ကို သင်တန်းဆရာကလည်း လမ်းညွှန်ချက်ပေးရမည်။ လွှဲပြောင်းဝန်ဆောင်မှုပေးသူများထံ ရည်ညွှန်းပေးခြင်းသည် ကျူးလွန်ခံရသူများ/ သက်သေများ၏ မှတ်တမ်းတင်မှုလုပ်ငန်းစဉ်တွင် ပါဝင်မှုအပေါ် မှီခိုနေရခြင်း (သို့မဟုတ်) မှီခိုနေရသည်ဟုအထင်မြင်ခံရခြင်း မဖြစ်သင့်ကြောင်းကို သင်တန်းဆရာက ထပ်လောင်း အသိပေးသင့်သည်။